# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဥ္စမပုံမှန် အစည်းအဝေး

# အဋ္ဌမနေ့ အစီအစဉ်

# [ ၂ - ၆ - ၂၀၁၇ ]

# (သောကြာနေ့)

၁။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် အဋ္ဌမနေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါ မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း -

(က) ဦးဝေ့တင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၏ **ပလက်ဝမြို့နယ်အတွင်း အစိုးရဌာနတစ်ခုခုမှ အောက်ခြေဝန်ထမ်း၊ အမှုထမ်းအသစ်များ လျှောက်လွှာခေါ်ယူရာတွင် ချင်းပြည်နယ်၏ မြို့တော်ဖြစ်သော ဟားခါးမြို့သို့ ကိုယ်တိုင်သွားရောက် လျှောက်ထားခြင်း၊ အင်တာဗျူး ဖြေရခြင်းတို့ကို ပလက်ဝမြို့တွင်သာ ပြောင်းလဲပေးရန်** အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဦးမြင့်နိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၏ **ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ ကျောက်တော်မှ စပါးဆိပ် (ပီ)နယ်မြေ ငါ/ထရံထိ ကျေးရွာချင်းဆက်လမ်းအား ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ကျောက်ချောလမ်းခင်းပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ဂ ) ဒေါက်တာဇော်လင်းထွဋ်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၏ **ပြည်သူ့ဘဏ္ဍာငွေ ကျပ်သန်းပေါင်း (၁၂၇၀၀) ကျော် အကုန်အကျခံ၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သော ဝါးပါးဆည်၊ ကျူထော် ရေထိန်းတံခါး၊ ရပ်ဆိုင်းနေသော ဒုံသမိလျှပ်စစ်မြစ်ရေတင်စီမံကိန်းများသည် မူရင်းလျာထားချက် မပြည့်မီသည့်အပေါ် ၎င်းစီမံကိန်း(၃)ခုအား ပြန်လည် စိစစ်သုံးသပ်၍ ဒေသခံတောင်သူလယ်သမားများ မျှော်လင့်လျက်ရှိသည့် သီးထပ်နွေစပါး စိုက်ပျိုးနိုင်ရေး ဆောင်ရွက်ပေးရန်** အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးဖေချစ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၏ **ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ချောင်းဝကျေးရွာအုပ်စု၊ သဲအင်းဂူ - နှောကုန်း - သိုက်ကုန်း ကျေးရွာချင်းဆက်လမ်းနှင့် ကျိုးကျလုနီး ဖြစ်နေသော သိုက်ကုန်းသစ်သားတံတားတို့အား လာမည့်ဘဏ္ဍာရေးနှစ်များအတွင်း ဖောက်လုပ်တည်ဆောက်ပေးရန်** အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း၊

( င ) ဦးကင်းရှိန်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၏ **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဂျပန်ချေးငွေဖြင့် တောင်သူလယ်သမားများအား နှစ်ရှည်၊ နှစ်တို ငွေများ ချေးပေးရန် စီမံကိန်းများရေးဆွဲနေခြင်းနှင့် ၎င်းဝန်ကြီးဌာန၏ သမဝါယမဦးစီးဌာနမှလည်း တောင်သူလယ်သမားများအား ငွေထုတ်ချေးပေးနေခြင်းတို့** နှင့် စပ်လျဉ်း၍ သိရှိလိုသည့် မေးခွန်း၊

( စ ) ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၏ **ရခိုင်ပြည်နယ်၌ ဆားငန် ဒီရေတားတမံများကို စီမံကိန်းများဖြင့် Master Plan ရေးဆွဲပြီး အရှိန်အဟုန်မြှင့် တည်ဆောက်ရန်နှင့် ထိုသို့ တည်ဆောက်ရန် ပြည်ထောင်စု ရန်ပုံငွေဖြင့် မလုံလောက်ပါက World Bank, ADB၊ နိုင်ငံတကာ အဖွဲ့အစည်းများ၏ ချေးငွေ၊ ထောက်ပံ့ငွေများရယူပြီး တည်ဆောက်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက စာချုပ်စာတမ်းများ မှတ်ပုံတင် ဥပဒေကြမ်းကို လွှတ်တော်သို့ တင်သွင်းခြင်း။

၇။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က စာချုပ်စာတမ်းများ မှတ်ပုံတင် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြား ရှင်းလင်းခြင်း။

၈။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက စာချုပ်စာတမ်းများ မှတ်ပုံတင် ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်း နိုင်ကြောင်း ကြေညာခြင်း။

၉။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး အဌမနေ့ ရပ်နားကြောင်းနှင့် နဝမနေ့ အစည်းအဝေး ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။